
မြင်နန်းစံမည့် ပန်း
မတိမ်ပြာ

# မတိမ်ပြာ

## မြိုင်နန်းစံမည့် ပန်း

## အပိုင်း ( ၁)

၁၉၄၀ ခုနှစ်

ကဆုန်လ။

"မြို့အုပ်ဟောင်းရဲ့နှမလေး မဂ်လာဆောင်ဆို ... အတော်ကို စည်ကားနေမှာပဲ တော်ရေ"

"ဂုဏ်ကြီးရှင် အသိုင်းအဝိုင်းများဆိုတော့လည်း တော်ရုံလူ ဘယ်သွားရဲမှာတုန်း။ သူတို့လို အထက်တန်းလူတွေပဲ ပြည့်နေလိုက်မဲ့ဖြစ်ခြင်း"

မိတ်ကပ်ပြင်ပေးနေရင်း တိုးသဲ့သဲ့ ကြားနေရတဲ့စကားသံတွေပင်။ နံနက်လေးနာရီဆိုပေမဲ့ သတို့သမီးကတော့ အလှပြင်နေပြီဖြစ်သည်။

ဆံထုံးကြီးကြီးနှင့် မြန်မာ့ချည်ထည်ဝမ်းဆက်၊ ပြီးနောက် ခပ်ပါးပါး မျက်နှာချေမှုန့်တို့ဖြင့် အမျိုးသမီးငယ်သည် အလွန်ကိုလှပပေ၏။

ကြေးမုံမှန်ထဲ တစိမ့်စိမ့်ကြည့်လို့ အပြင်အဆင်အား သဘောတကျ ဖြစ်စွာဖြင့်

"ဝေဝေတို့ကတော့လေ နာမည်ကြီးတာလည်း မပြောလေနဲ့၊ သိပ်ကိုလက်ရာမြောက်တာပဲ"

"နဂိုရှိမှနဂိုင်းထွက်တာပါ ညီမလေးရယ်၊ ရုပ်အခံလေးရှိလို့ပါ နော် ..."

"ဟော် ကြည့် ... အပြောလေးကလည်း ချိုလို့"

ဝေဝေ၏နာမည်အရင်းမှာ လှိုင်းဝေဖြစ်၏။ သူသည် ယောကျ်ားတစ်ယောက် ဖြစ်ကာ၊ မိတ်ကပ်ပြင်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသောလူတစ်ယောက်ပင် ဖြစ်သည်။

အလုပ်၏သဘောတရားအရ မိန်းမဆန်ဆန်ဆန် ဝတ်မှကိုဖြစ်မည့်သဘောတရားက ရှိ၏။ အလှပြင်ခြင်းသည် အမျိုးသမီးတွေသာ လုပ်လေ့ရှိသောကိစ္စဖြစ်ကာ၊ မြန်မာ့ယဥ္ကျေးမှုတွင် မည်သည့်အမျိုးသမီးကမှ ယောကျ်ားစင်စစ်တစ်ဦးနှင့် လက်ပွန်းတတီး နေမည်နည်း။

လှိုင်းဝေသည် ပိန်သွယ်သော အမျိုးသားတစ်ဦးဖြစ်ကာ၊ အမျိုးသမီးဝတ်တွေ ဝတ်ဆင်တဲ့အခါလည်း တစ်မျိုးတစ်မည် လှပပေသည်။

'မိန်းမလျာ' ဆိုသည့် အမည်နာမအောက်ဝယ် သူနေခဲ့ရသော နှစ်ပေါင်းမြောက်မြားစွာတွင် နေသားတကျဖြစ်ကာ ထိုသို့ခေါ်ခံရခြင်းအပေါ်လည်း ဘယ်လိုမှ ခံစားမနေရတော့ချေ။

"ဝေဝေ ... ဒီပွဲပြင်ပြီးပြီဆို တခြားပွဲ ပြင်နိုင်သေးလား။ မင်္ဂလာဆောင်တစ်ခုက မိတ်ကပ်ပြင်ဆရာက ရုတ်တရက်ကြီး မလာနိုင်တော့လို့တဲ့"

"ပစ္စည်းတွေ မစုံတော့ဘူးမှုန် ဘယ့်နှယ်လုပ်မှာတုန်း"

"အို ... လူသာ လိုက်ခဲ့ ဟိုမယ် အဲဒီထက်ကောင်းတဲ့ ပစ္စည်းတွေမှပေါ လို့..."

မှုန့်စကားကြောင့် ဝေဝေအနည်းငယ်တောင် ချဥ္တင်တင် ဖြစ်သွားမိသည်။ သို့သော်လည်း ပိုက်ဆံမျက်နှာကလည်း ရှိနေသေးတာကြောင့် လှိုင်းဝေ အချိန်ဆိုင်းမနေပဲ မှုန်နှင့်အတူ လိုက်ပါလာခဲ့သည်။

မိတ်ကပ်ပြင်တဲ့လူကို လာခေါ်တာတောင် ဂျစ်ကားနဲ့မို့ မှုန့်အပြောကို လှိုင်းဝေ ထောက်ခံချင်သလိုလို။

"အို ... ကောင်းလိုက်တဲ့ အိမ်ကြီးပါလား"

"ကောင်းဆို အိမ်ကြီးရှင် မြို့အုပ်ဟောင်းလေတော်။ အသက်ကဖြင့် ၄ဂနီး နီးလေး ရှိသေးတယ် ချောလိုက်တာမှလည်း ဇာတ်မင်းသားထက်တောင်မှ သာသေး"

မှုန့်စကားအား လှိုင်းဝေ ဂရုမစိုက်နိုင်ပါချေ။ ကြီးမားထည်ဝါကာ သိပ်ကို ကောင်းသည့်အိမ်ကြီးမှာ သူ့အတွေးတွေအား ဖမ်းစားထားလို့။

သတို့သမီးလေးမှာ မည်သည့်မိတ်ကပ်မှ မပြင်ရသေးတောင် အလွန်ကို လှပ၏။ အလိုမကျမှုကြောင့် နှုတ်ခမ်းဖူးဖူးလေးမှာ ချစ်စဖွယ်လေး စူထော် နေသေးသည်။

ဒါတောင် မိန်းကလေး၏အလှမှာ ယိုယွင်းမသွား။ မြန်မာမိန်းကလေးပီပီ ရှိုက်ကြီးဖိုငယ် အသွယ်သွယ်ဖြင့် ရုပ်ကလေးနှင့် နာမ်ကလေးကလည်း လိုက်ဖက်ပါဘိ။

ထိုမိန်းကလေး၏နာမည်မှာ 'လှပဝတီ'တဲ့။

"မိမှုန် ငါ့နှမကို မိတ်ကပ်ပြင်ဖို့ လူရှာခိုင်းတာ ညည်းဘာတွေ ခေါ်လာတာ တုန်း... "

အသံသည် အလွန်ကို ခက်ထန်၏။ တစ်ပါးသူ၏နာမည်ကို ထိုသို့ ရင့်ရင့် သီးသီး ခေါ်ဆိုတာကို လှိုင်းဝေ အလွန်မုန်းသည်။

မှုန်သည် ဘာမှမပြောနိုင်ရှာ။ ခေါင်းကိုငုံ့လို့ ပခုံးတွေ ကျုံ့ထားရှာ၏။ လှိုင်းဝေကြည့်လိုက်မှ ထိုအသံပိုင်ရှင်သည် ခြေထောက်တစ်ဖက်မှ သိပ်မ ကောင်းဟန်ရှိကာ၊ တောင်ဝှေးလို တုတ်ကောက်တစ်ချောင်းအား အထောက်အကူပြု ရပ်နေသည်။

ထိုလူ၏အရပ်မှာ လှိုင်းဝေတို့ထဲတွင် အရှည်ဆုံးဖြစ်ကာ၊ မျက်ခုံးထူထူ၊

မျက်ဝန်းစူးစူးတွေမှာလည်း ဒေါသရိပ်တွေဖြင့်။

"ကျုပ်က ဘာဖြစ်နေလို့ပါလဲ"

"အို ....."

လှိုင်းဝေ ထိုသို့ထပြောလိုက်တော့ မှုန်က ကြားမှ အာမေဍိတ်သံပြုကာ၊ အကြည့်ဖြင့် တားဆီးလေသည်။

ထိုလူ၏ မျက်ဝန်းတွေမှာ အန္တရာယ်ရှိစွာ အတိကျဥ်းမြောင်းလို့ လှိုင်းဝေ ထံ ကိုက်ဖြမတတ် စိုက်ကြည့်လာချေ၏။

"တော်ပါတော့ ... ကိုကိုကြီးရယ် ဒီနေ့က ဝတီ့မင်္ဂလာရက်လေ။ ကိုကိုကြီး ဒေါသတွေကို လျှော့ပေးလို့ မရဘူးလား။ ဝတီ သိပ်စိတ်ညစ်တာပဲ"

မိန်းကလေးမှာ ဆူအောင့်ကာ ငိုတော့မလိုဟန်ပြင်တော့ ထိုလူမှာ အနည်းငယ် အရှိန်သတ်သွားလေသည်။

အဲသည်တော့ ... ထိုလူဟာ မြို့အုပ်ဟောင်းပေါ့။ ယခုလို ခက်ထန်နေတာလည်း သိပ်မဆန်းကြယ်တော့ပါဘူးလေ။

ထိုလူသည် အမြင်အာရုံမှနေ တုတ်ကောက်အား အထောက်ကူပြုလို့ ပျောက်ကွယ်သွားပြီဖြစ်သည်။

"ဟို ... ဝတီတောင်းပန်ပါတယ်။ ကိုကိုကြီးက နည်းနည်း ..."

"ရပါတယ်၊ ရပါတယ်"

အလုပြင်ခြင်းကို စတင်တာနှင့် ထိုလူသည်လည်း ချောင်းဟန့်ကာ ထွက်သွား၏။ လှပဝတီသည် အမည်လေးနှင့်လိုက်အောင် လှသလောက် သဘောမနောကလည်း အလွန်ကောင်းသည်။

"အစ်ကို ... အယ် မမ....."

မည်သို့ခေါ်ရမည် မသိသောကြောင့် စကားတွေ ထစ်နေရှာသော

မိန်းကလေးအား၊ လှိုင်းဝေရယ်၍သာ တုံ့ပြန်လိုက်သည်။

"ကျုပ်နာမည် လှိုင်းဝေပါ။ အမိလေး အဆင်ပြေသလို ခေါ်လို့ပါတယ်"

"မှုန်တို့ခေါ်သလို ဝေဝေလို့ပဲခေါ်မယ်။ လူလေးနဲ့လိုက်တယ်ရယ်၊ ပြုံးလိုက်ရင် မေတ္တာစိတ်လေး ဝေဖြာသွားတာပဲ၊ ဝေဝေက တအားလှတယ် သိလား"

"အို ... သိပ်ပြောတတ်တာပဲ"

လှတယ်ဟူအပြောခံရခြင်းအပေါ် ဖြစ်မိတဲ့ပီတိကလေးလည်း ရှိ၏။ လှိုင်းဝေ မိန်းမဆန်ဆန် ဝတ်စားနေရင်းက၊ တစ်ခါတလေ မိမိရုပ်သွင်အား မှန်မှ တစ်ဆင့်ကြည့်လို့ ကျေနပ်ရသည့် အခိုက်တန့်လေးတွေကိုလည်း သဘောကျသည်။

ယောက်ျားဖြစ်လည်း ဘာအရေးလဲ၊ လူရယ်လို့ဖြစ်လာရင် လောကတွင် မည်သူမှ ပြည့်စုံနေသူမရှိ။ သို့ပေသိ သူဟာလည်း ချို့ယွင်းနေသည့်လူ မဟုတ်ပါချေ။

ယောက်ျားလေးလည်း အသားနာတတ်သလို၊ ယောက်ျားလေးလည်း ငိုတတ်သည်။ ယောက်ျားတစ်ယောက်အနေနှင့် သန်သန်မာမာ ရှင်သန်လို့ရသလို၊ ယောက်ျားတစ်ယောက်အနေနှင့် နုနုရွရွ အလှပတွေလည်း ကြိုက်ခွင့်ရှိသည်။

ရာဇဝင်တွင် မည်သည့်ဘုရားကမှ 'ထဘီသည် မိန်းတွေချည်း ဝတ်ရမည်'ဟူ၍ ဟောကြားမထားပါချေ။

***

အပိုင်း ( ၂)

တုတ်ကောက်အား ဘေးတွင်ထောင်လို့ ထိုင်ခုံတွင်ထိုင်ချကာ သက်ပြင်းရှည်တစ်ချက် ချလိုက်မိသည်။

လှပဝတီနှင့် သူ၏အမျိုးသားလုပ်သူသည် ရှေ့မှခုံတွင် ရိုကျိုးစွာ ထိုင်နေကြ၏။ လှပဝတီ၏ အမျိုးသားမှာ ချည်ပိုးထည်လုပ်ငန်းစုမှ သူဌေးသားတစ်ဦးဖြစ်ကာ ချောမောခန့်ညားသော လူငယ်တစ်ဦးလည်း ဖြစ်သည်။

လှပဝတီထက် အသက်ပိုကြီးကာ သူသည် ရှိရင်းစွဲအသက်ထက်လည်း ရင့်ကျက်ပုံပေါ်၏။ ဦးသက်မြိုင် သူ့နှမလေးအား ယုံယုံကြည်ကြည် အပ်နှံခဲ့ရတာ ထို့ကြောင့်လည်း ဖြစ်ချေသည်။

"ကိုကိုကြီးက ဒီအတိုင်းပဲ နေတော့မှာလား"

"ငါက ဒီအတိုင်းမနေလို့ ဇောက်ထိုးလုပ်နေရမှာလား"

"အိုး ... ကိုကိုကြီးကပြောပြီ ဝတီက အတည်ပြောနေတာကို"

ဦးသက်မြိုင်၏ရုပ်တည်ဖြင့် ဟန်ပါပါစကားအား ထင်အောင်တောင်မှ ခပ်ပြုံးပြုံး ဖြစ်သွားသည်။ လှပဝတီကတော့ မိန်းမဆိုးလေးမို့ ခပ်စူစူဖြင့် ဟန်မူပိုနေ၏။

"မိန်းမယူဆိုတော့လည်း ဝတီသာ လင်ရသွားတယ်၊ ကိုကိုကြီးကဖြင့် လှုပ်တောင်မလှုပ်ဘူး။ နောက်ပြီး ကိုကိုကြီးက စိတ်က လက်တစ်ဆစ်နဲ့ ဘေးမှာလည်း ဘယ်သူမှမရှိဘဲ ဝတီစိတ်မချနိုင်ဘူး"

"ညည်းသာ အဆင်ပြေအောင် နေစမ်းပါ။ ငါ့အတွက် မပူနဲ့"

"မပူလို့ရမလား ဝတီ့မှာ ကိုကိုကြီးပဲရှိတာ..."

ပြောရင်းဖြင့် မျက်ရည်ပုလဲတွေ ခြွေလာသော လှပဝတီအား သူ၏အမျိုးသားလုပ်သူမှာ ပခုံးလေးပုတ်လို့ ချော့မြူနေ၏။ ဦးသက်မြိုင်ကတော့ မျက်နှာလွှဲသွားလေသည်။

နှစ်ပေါင်းများစွာ ဥမကွဲ၊ သိုက်မပျက် အတူတကွ နေထိုင်လာကြတဲ့သူတွေမို့ အတောင်စုံလို့ ကိုယ့်လမ်းကိုယ်လျှောက်ကြတယ် ဆိုသည့်တိုင် အမျှင်တန်းနေသော သံယောဇဉ်တို့သည် ချည်လေးတင်းလေ၊ နာကျင်ရလေပင်။

ဦးသက်မြိုင် သက်ပြင်း ထပ်ချလိုက်မိသည်။ လှပဝတီက ဆိုးသွမ်း၍ မရင့်ကျက်သော်လည်း၊ စိတ်သဘောထား နူးညံ့ကာ၊ အင်မတန်ကို စိတ်နုသော ကောင်မလေးတစ်ယောက်ပင် ဖြစ်လေသည်။

"မဆိုးနဲ့ မဆိုးနဲ့ မိဝတီရေ၊ နင်ရှေ့လျှောက်ကြုံရမှာတွေ အများကြီးပဲ။ စိတ်ကို သန်မာအောင်ထား၊ သွေးဆိုတာ နင့်တစ်ကိုယ်လုံးကနေ စီးဆင်းနေတာ၊ မျက်ရည်ကတော့ နှလုံးသားကနေခံစားပြီးမှ ရှားရှားပါးပါး ကျလာရတဲ့အရာမျိုး မဖြုန်းတီးနဲ့..."

ဦးသက်မြိုင်၏ ခြေတစ်ဖက်မှာ တာဝန် ထမ်းဆောင်နေစဉ် ထိခိုက်မှုဖြစ်ကာ၊ အကူမပါလျှင် ကောင်းကောင်း မရပ်နိုင်သည်အထိ ဆိုးရွားခဲ့တာဖြစ်၏။

သို့ပေသိ သူဟာ အမြဲတမ်း အင်အားရှိတဲ့ ဝံပုလွေတစ်ကောင်အသွင် ရှိနေဆဲ။ သူ့အတွက် အားနည်းချက်ဆိုတာ အပ်ပေါက်ရာတွေထက်ပင် ရှာရခက်ခဲလေသည်။

အိမ်တော်တွင် အလုပ်သမား ရှာရသည်မှာ လွယ်မလိုနှင့်ခက်၏။

များသောအားဖြင့် လစာများလို့ လာလျှောက်ကြသည့်တိုင် စည်းကမ်းနှင့် လိုက်နာရန်အချက်တွေနှင့် လိုအပ်ချက်တွေကြောင့်ဖြစ်ကာ၊ ထွက်သွားသော လူတွေမှာလည်း ဦးသက်မြိုင်၏ဒေါသနှင့် လက်ပေါက်ကတတ်ခြင်းကို မခံနိုင်လို့ပင်။

"ဝတီမပြန်ခင် ကိုကိုကြီးကို စောင့်ရှောက်ဖို့ လူရှာပေးခဲ့မယ် ... ဒါတော့ ငြင်းမယ်မကြံနဲ့နော် ... ဝတီထိုင်ပြီး ငိုမှာ"

ထင်အောင်မှာ အကူညီတောင်းခံသော မျက်ဝန်းတွေဖြင့် ယောက်ဖလုပ်သူအား ကြောက်လန့်တကြား မော့ကြည့်လာချေသည်။ ဦးသက်မြိုင် ချောင်းတစ်ချက်ဟန့်ကာ မျက်နှာလွှဲသွားလေသည်။

***

လှိုင်းဝေ ကျောင်းရှေ့တွင် ထိုင်စောင့်လို့ လုံးလုံးကစ်ကစ် သဏ္ဌာန်လေး မြင်သည်နှင့် လက်လှမ်းပြလိုက်လေသည်။

"ဝေလေး ..."

"ဖြည်းဖြည်းလာ ချော်လဲမယ်"

တူမလေး ရင်ခွင်တွင်းပစ်လာသည်ကို ဖမ်းရသည်မှာ အဆုတ်ပင် အောင့်သွားရ၏။ လှိုင်းဝေတို့မောင်နှမ ရှာထားသမျှဟာ ထိုကလေးမ၏ အဆီတုံးလေးတွေထဲတွင်သာ ဖြစ်သည်။

သူတို့ မောင်နှမအတွက်တော့ မြရီဟာ ဝက်စုဘူးလေးပင်။

"ဝေဝေ... မှုန် ပြောစရာလေးရှိလို့"

မှုန်သည် လွယ်နေကျ ဘေးအိတ်လေးလွယ်လို့ စောင့်နေဟန်ပင်။ လှိုင်းဝေ၏ နားမလည်သလို မျက်ဝန်းတွေကို မြင်တဲ့အခါ ပြုံး၍သာ တုံ့ပြန်လာ၏။

"မြရီကို ရီဝေ့ဆီ ခဏ ဝင်ပို့လိုက်ဦးမယ် မှုန်"

"ရတယ်ဝေဝေ၊ မှုန် ဟိုနားလေးက အအေးဆိုင်မယ် စောင့်နေလိုက်မယ်"

"မှုန်ပြောတာက…"

"တစ်မျိုး သဘောမထားပါနဲ့ ဝေဝေရယ်။ မှုန်လည်း အလုပ်က ဝေဝေနဲ့ သင့်လျော်မယ် ထင်လို့ရယ်"

"အဲဒီလူကြီးက စကားပြောတာ သိပ်ရင့်သီးတာ။ မင်္ဂလာဆောင်နေ့က ဘယ်လို လာပြောလဲဆိုတာ မှုန့်အမြင်ပဲ အဲဒီလိုလူကို ဘယ်လိုစိတ်နဲ့ အနီးကပ် စောင့်ရှောက်နိုင်မှာလဲ"

လမ်းဘေးဆိုင်မို့ လမ်းသွားလမ်းလာတွေအား ထင်ရှားစွာ မြင်တွေ့နေရ၏။ မှုန်နှင့်လှိုင်းဝေသည် ထောင့်ချိုးတစ်နေရာတွင် ထိုင်နေကြသော်လည်း ပတ်ဝန်းကျင်ရှိ လှုပ်ရှားမှုမှန်သမျှကို မြင်တွေ့နေရသည်။

လှိုင်းဝေသည် စက်ဘီးတစ်စင်း ဖြတ်လျှောက်သွားတိုင်း၊ လူတစ်ယောက် ဖြတ်လျှောက်သွားတိုင်း ထိုအရာတွေအား ကြည့်ရှုကာ၊ မျက်ဝန်းတွေထဲမှ အလိုမကျမှုအား ဖုံးကွယ်ထားမိသည်။

အအေးပိုက်အား ဖန်ခွက်ထဲသို့ ထိုးဆွကာ၊ ထိုနေ့က ရင့်သီးသော စကားတွေအား ပြန်လည် ကြားယောင်ပြီးနောက် သူ၏နှုတ်ခမ်းတွေသည် အလိုမကျစွာ ရှေ့သို့ အနည်းငယ် စူထွက်လာခဲ့၏။

လှိုင်းဝေနွဲ့တာ မှန်သည်။ ဝမ်းစာအရဖြစ်စေ၊ ဝါသနာအရဖြစ်စေ သူ၏ဖြစ်တည်မှုသည် တစ်ပါးသူ မျက်စိဆံပင်မွေး စူးရလောက်အောင် ဖြစ်အောင် ဘယ်တုန်းကမှ မနေခဲ့။

အဲဒါကြောင့်မို့ တစ်စုံတစ်ယောက်မှ အထင်သေး အမြင်သေးစွာ ဆက်ဆံလာလျှင်လည်း အင်မတန် မုန်းသည်။

"ဆရာသက်မြိုင်က အရင် အခုလောက် မဆိုးဘူးရယ်။ ဝတီ ပြန်ပေးဆွဲခံရပြီးနောက် လူကယ်ရင်း၊ ခြေထောက် ထိမိကတည်းက အခုလို ကြမ်းတမ်းလာတော့တာပဲ။ တကယ့်စိတ်ရင်းလေးကတော့ ကောင်းရှာပါတယ် ဝေဝေရယ်..."

"အိုး ... ဘာနေနေ"

***